ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်

နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဟာ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ကျွန်တော်တို့ ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ပခရီးစဉ်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ပြည်ပခရီးစဉ်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးထွန်းအောင်၊ တာဝန်ထမ်းဆောင်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေးဆေးစစ်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ပြည်ပခရီးစဉ်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ဆေးရုံတက်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ပြည်ထောင်စုလွှတ်တော်နာယက၏ မိခင်စျာပန ပို့ဆောင်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေးဆေးစစ်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်

ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ပြည်ထောင်စုလွှတ်တော်နာယက၏ မိခင်နာရေး လိုက်ပို့ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ၎င်းအတိုင်း။ ဦးလျှုကွယ်ရှို၊ ရှမ်း(၁၁)၊ ၎င်းအတိုင်းတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၁၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၅ ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဆောင်ရွက်မှာ ဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များရဲ့အမည်စာရင်းကတော့ (က) ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ (ခ) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ (ဂ) ဦးစိုးဟန်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) တို့ ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ပိုလန် - မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုးစိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး Pure Gold Star Bean (Star Sacha Inchi) အား အစားထိုးစိုက်ပျိုးရန် သင့်/မသင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအစားထိုးစိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး Pure Gold Star Bean (Star Sacha Inchi) အား အစားထိုး စိုက်ပျိုးရန် သင့်/မသင့်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရွှေစင်ကြယ်ပဲမျိုးနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရမှ စမ်းသပ်စိုက်ပျိုးပြီး ပေါက်လာတဲ့ အပင်များကို ပြည်နယ်နဲ့ တိုင်း သို့ ဖြန့်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ မြန်မာ့အလင်းမှာ ပါလာတဲ့ ဘိန်းအစားထိုးစိုက်ပျိုးရေး သီးနှံနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားလို့ ဒါကို ကျွန်တော်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ အဲဒီ ပဲမျိုးဟာ လောလောဆယ် ကျွန်တော်တို့ ရှာမတွေ့ကြပါဘူး။ အဲဒါနဲ့ ကျွန်တော်မိတ်ဆွေ တစ်ယောက်ကနေပြီးတော့ နိုင်ငံခြားကနေပြီး အစေ့(၂၀)ဝယ်ပြီးတော့ ပို့ပေးပါတယ်။ ပို့ပေးပြီးတော့ အဲဒါကို အစေ့(၂၀)ကိုက (၁၄)ဒေါ်လာ ပေးရပြီးတော့ ပို့ခက(၁)ဒေါ်လာ အားလုံး(၁၅)ဒေါ်လာကျပါတယ်။ ပြန်တွက်ကြည့်လို့ရှိရင်တော့ အစေ့(၁)စေ့ကို (၇၀၀)လောက်ကျပါတယ်။ အဲဒါနဲ့ ကျွန်တော့်အနေနဲ့က ဒါကိုပိုပြီးတော့ ကျယ်ပြန့်အောင် သိရှိနိုင်ဖို့အတွက် ကျွန်တော်လေ့လာခဲ့ပါတယ်။ လေ့လာတော့ ဒီ ပဲရဲ့ ဇစ်မြစ်ကတော့ ဘယ်ကလဲဆိုတော့ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံမျိုးဖြစ်ပြီးတော့ တရုတ်နိုင်ငံနဲ့ ပီရူးနိုင်ငံနဲ့ စီးပွားဖြစ် ဆက်သွယ်လာတဲ့ အခါမှာ သူတို့က ဒီ Star Sacha Inchi ဆိုတဲ့ မျိုးစေ့ကို သူက ရရှိခဲ့ပါတယ်။ အဲဒါနဲ့ တရုတ်နိုင်ငံမှာ စိုက်တယ်။ တရုတ်နိုင်ငံဖြစ်သွားပြီးတဲ့ အခါမှာ ဘယ်ကိုကူးလာလဲဆိုတော့ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတွေကို ကူးလာတယ်။

အဲဒီတော့ ဒီ ပဲမျိုးစေ့ကတော့ သူက (၆)လနဲ့ အသီးသီးပါတယ်။ အဲဒီတော့ (၁)နှစ်ကို (၂)ခါ သီးတယ်။ (၂)ခါ သီးတဲ့အတွက်ကြောင့် ဒီ (၁)ဧကစိုက်လို့ရှိရင် သူက(၁)နှစ်ပတ်လည်ကြာလို့ရှိရင် အနည်းဆုံး ပထမနှစ်ကတော့ (၁၀)သိန်း၊ (၁၅)သိန်းလောက် ဖြစ်မှာပေါ့၊ ဒါပေမဲ့ သက်တမ်းရင့်လာတာနဲ့ အမျှ (၁)နှစ်ကို သိန်း(၅၀)နဲ့ (၇၀)ကြားမှာ ဒါက(၁)ဧကကို အမြတ်အစွန်းရှိတယ်လို့ ဆောင်းပါးရှင်က ဖော်ပြထားပါတယ်။ ထို့အတူဒီပဲမျိုးကို ကျွန်တော်က အဓိကထားတာကတော့ ဘိန်းအစားထိုး စိုက်ပျိုးဖို့အတွက် ကောင်းတဲ့ သီးနှံတစ်ခုဖြစ်သလို၊ နောက်တစ်ခါ တောင်ပေါ်ဒေသတွေမှာ ဒီ တောင်ယာတွေ လုပ်တဲ့အခါ မှာ ပြုန်းတီးသွားတဲ့ မြေနေရာမှာ ဒီနေရာကို အစားထိုး စိုက်ဖို့ရယ်၊ နောက်တစ်ချက်က သူသည် ရာသီဥတု မရွေးသည့် အတွက်ကြောင့် (၃၉)ဒီဂရီ ဖာရင်ဟိုက်ရှိတဲ့ နေရာမှန်သမျှ အကုန်လုံးစိုက်လို့ရတယ်။

နောက်တစ်ခုက ရေနစ်တာ၊ ရေမြုပ်တာ၊ ရေဝပ်တာကလွဲပြီးတော့ ကျန်တဲ့နေရာတွေမှာ ရာသီဥတုက စိုက်လို့ရတဲ့ အပင်မျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒါကို အားသွန်ခွန်စိုက်နဲ့ လေ့လာခဲ့ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ ပြခွင့်ပြုပါခင်ဗျား။ လောလောဆယ်တွေ့ရတဲ့ မြင်ကွင်းကတော့ ဒါ ရွှေစင်ကြယ်ပဲ(Star Sacha Inchi) ဒါက ပီရူးနိုင်ငံက ထွက်တဲ့မျိုးဖြစ်တဲ့အတွက်ကြောင့် သူ့ရဲ့ အစေ့က အခွံမာဖြစ်ပါတယ်။ ထို့အတူပဲ အရွက်က ဘာလဲဆိုတော့ သူက ကျွန်တော်တို့ သာမန်လူ အနေနဲ့ဆိုရင် ဒါကစားသုံးလို့လည်း လက်ဖက်ခြောက်လို

သုံးလည်းရပါတယ်။ နောက်သူက Vitamin  A ရယ်၊ E ရယ် အပြည့်ပါသလို၊ Omega (3)(6)(9) ဒါ သက်စောင့်ဓာတ်တွေ ပါပါတယ်။

ဒါကြောင့်မို့လို့ ဒါကို သူက မျိုးစေ့ကိုက ဈေးကြီးပြီးတော့ ဝယ်တဲ့ မျိုးစေ့ဖြစ်ပါတယ်။ နောက်တစ်ခါ အခုပြမယ့်ဟာကတော့ သူက အဲဒီအစေ့ကနေပြီးတော့ ကျွန်တော်တို့ သာမန်အနေနဲ့ ပြောလို့ရှိရင် ဒါ အဆီထုတ်လို့ရပါတယ်။ ဒါ အဆီ ဒီ အဆီဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဆီးချိုကျတယ်။ သွေးတိုးကျတယ်။ ကျန်တဲ့ အားလုံးကျပါတယ်။ ၎င်းအပြင် ဒါ အရွက်ကလည်းသူက လက်ဖက်ခြောက်လို ကျွန်တော်တို့ Star tea ပေါ့၊ ဒါခုနလိုသောက်သုံးလို့ရပါတယ်။ ဆီးချိုကျပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ ပဲနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က လိုက်ပြီးတော့ စုံစမ်းတဲ့အခါမှာ နောက်ပိတ်ဆုံး နေပြည်တော်မှာရှိတဲ့ စိုက်ပျိုးရေးဥယျာဉ်ထဲမှာ ကျွန်တော်အပင်တစ်ပင်ထဲ တွေ့ပြီးတော့ အသီးကလည်း သီးနေပါပြီ။ ဒါကိုကျွန်တော်က အမှတ်တရ အနေနဲ့ ခုနလိုပေါ့၊ နယ်မှာပြန်ပြတဲ့အခါမှာ ဓာတ်ပုံရိုက်ပြီးတော့ ကျွန်တော်ယူပြီးတော့ နယ်မှာပြန်ပြရတယ်။ ဒါကတော့ ကျွန်တော်တို့ တကယ့် နေပြည်တော်ဥယျာဉ်မှာ လိုက်ရှာတော့ ဒီတစ်ပင်ထဲတွေ့တော့ ဒါလည်း အမှတ်တရအနေနဲ့ ခုနလို ရိုက်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဒီ ပဲမျိုးကို (၁) ပျိုးပင်ထုတ်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ၊ ပြီးလို့ရှိရင် ဒီ ပျိုးပင်တွေကို သက်သာသောဈေးနှုန်းနဲ့ ပြည်နယ်နဲ့ တိုင်းဒေသမှာ သင့်တော်တဲ့ နေရာတွေမှာ၊ ရာသီဥတုနဲ့ ကိုက်ညီမယ့် နေရာတွေမှာ ဖြန့်ပေးဖို့ အစီအစဉ် ရှိ/မရှိ အား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။


Sacha Inchi  (ပုံ)



ကြယ်ပဲစိုက်ပျိုးထားရှိပုံ (ပပ-၁)




ကြယ်ပဲစိုက်ပျိုးထားရှိပုံ (ပပ-၂)



**အချိန်၊ ၁၀း၂၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ကရင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းတဲ့ မေးခွန်းဟာ တောင်သူလယ်သမားများအတွက် ရေရှည် အကျိုးစီးပွားတိုးတက်ရရှိနိုင်တဲ့ မေးခွန်းဖြစ်ပြီးတော့ ဈေးကွက်ဝင် တွက်ခြေကိုက်တဲ့ သီးနှံ အမယ်သစ်ဖြစ်သဖြင့် တောင်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ဒီ ကြယ်ပဲနဲ့ ပတ်သက်လို့လည်း Power Point နဲ့ ပြခွင့်ပြုပါရန် ခွင့်ပန် ပန်ကြားအပ်ပါတယ်။

ရွှေစင်ကြယ်ပဲ (Pure Gold Star Bean) ဟာ အမေရိကတောင်ပိုင်း၊ အပူပိုင်းဒေသ၊ အမေဇုံမြစ်ဝှမ်းရှိတဲ့ အစေ့မှ ဆီထုတ်ယူနိုင်တဲ့ နွယ်မျိုးရင်းဝင် အပင်တစ်ပင်ဖြစ်ပြီး ဒေသ အခေါ်အဝေါ် Inca၊ ဆေးအမည် Flukenetia Volubilis လို့ ခေါ်ပါတယ်။ ၎င်းအပင်ရဲ့ အစေ့မှထွက်တဲ့ အဆီမှာ အစေ့အဆန်မှာ ပရိုတင်းခေါ် အသားဓာတ် (၂၇) ရာခိုင်နှုန်းနဲ့ အဆီ(၃၅)(၆၀)ရာခိုင်နှုန်းအထိ ပါဝင်ပါတယ်။ အဆီ တွင် Vitamin A နဲ့ E များပါဝင်ပြီးတော့ Omega 3(54 percentages)၊ Omega 6(33 percentages)၊ Omega 9 (7.2 percentages) ပါဝင်ပြီး၊ ထိုမပြည့်ဝဆီ (၃)မျိုးဟာ (၉၄)ရာခိုင်နှုန်းပါဝင်၍ အထူးသဖြင့် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ အဆီတစ်အက်ဆစ်နဲ့ လီနိုလေနစ်များလည်း (၅၀)ရာခိုင်နှုန်းကျော် ပါဝင်သဖြင့်အဆီနှင့် အာဟာရဓာတ်ထုတ်ပေးသော ပဲစေ့ဟု ထင်ရှားရုံသာမကဘူး ကမ္ဘာတစ်ဝန်းလုံးမှ အကောင်းဆုံး အာယုဒီယဆေးအဖြစ် လက်ခံယုံကြည်ထားကြပါတယ်။ Inca ပဲစေ့ဆီမှာ အောက်ဆီဒိုက် ကို ကာကွယ်နိုင်တဲ့ ဘောရစ်အက်ဆစ်များလည်း ပါဝင်တာဖြစ်ပါတယ်။

စိုက်ပျိုးနိုင်တဲ့ မြေအမျိုးအစားနဲ့ ရာသီဥတုကတော့ အပူချိန် (၁၀)ဒီဂရီမှ(၃၆)ဒီဂရီ စင်တီဂရိတ်နဲ့ မြေကြီး ချဉ်/ ငံကိန်း PH 4.5 မှ 6.5 အတွင်း ကြိုက်နှစ်သက်ပြီး မြေဆီသြဇာထက်သန်တဲ့ နုန်းတင်မြေနုမှာ ကောင်းစွာဖြစ်ထွန်းပါတယ်။ စိုထိုင်းဆ(၈၀)ရာခိုင်နှုန်းရှိပြီး၊ မိုးရေချိန်(၁၀၀)လက်မ တစ်နှစ်ပတ်လုံးဖြန့်၍ရွာသော ဒေသမျိုးမှာ အကောင်းဆုံးအနေအထား ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် Sea Level အမြင့်ပေ (၃၀၀)ကနေပြီးတော့ (၆၀၀၀)အတွင်း နေရာမျိုးမှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ရွှေစင် ကြယ်ပဲပင်ဟာ နေရောင်အနည်းဆုံး (၁၂)နာရီ ရရှိရန် လိုအပ်ပြီး၊ ရေမဝပ်တဲ့ မြေမျိုးမှာ ကောင်းစွာ ဖြစ်ထွန်းပါတယ်။ ရေဝပ်ဒဏ်ကို မခံနိုင်ပါဘူး။ သို့သော် ခြောက်သွေ့

ကာလ၌ ရေသွင်းပေးရန်လိုအပ်ပါ တယ်။ နွေးသမပိုင်းရာသီဥတုကို နှစ်သက်ပြီး မြန်မာနိုင်ငံမှာ ကောင်းစွာ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ အပင် အမျိုးအစားလည်း ဖြစ်ပါတယ်။

ရွှေစင်ကြယ်ပဲ စိုက်ပျိုးရာမှာ မျိုးစေ့ကို(၁၁)နာရီရေစိမ်ပြီး သဲဗန်းမှာအညှောက်ဖောက်ပြီး တော့ (၃)လက်မ၊ (၇)လက်မပျိုး အိတ်များမှာ ပျိုးထောင်ရန်လိုအပ်ပါတယ်။ ပျိုးသက်(၄၅)ရက်ခန့် အတွင်းမှာ စိုက်ခင်းကိုပြောင်းရွှေ့ စိုက်ပျိုးရပါမယ်။ (၁၀)လက်မ (၇)လက်မ သို့မဟုတ် (၇)လက်မ ပတ်လည်ခန့် စိုက်ကျင်းများတူးပြီး စိုက်ကျင်း အတွင်း နွားချေး၊ မြေဆွေးများခံ၍ မိုးဦးကျ ဇွန်လဆန်းမှာ စတင်ရွှေ့ပြောင်းစိုက်ပျိုးသင့်ပါတယ်။

စိုက်ပြီး(၅)လခန့်မှာ ကြယ်ပဲပန်းပွင့်ပြီးတော့ (၈)လခန့်မှာ အသီးများစတင်ရင့်မှည့်နိုင်ပါ တယ်။ အပင်အမြင့် (၆)ပေ၊ (၉)ပေ ခန့်မြင့်ပြီး တိုင်ထောင်ပြီးတော့စိုက်ပျိုးရပါတယ်။ ပဲတောင့်မှာ (၆)ထောင့် ကြယ်ပုံသဏ္ဍာန် ထူးခြားသောအသွင်ရှိပြီးတော့ ပဲတောင့်နုစဉ်အချိန်မှာ အစိမ်းရောင်ရှိပြီး အသီးရင့်လာတဲ့အခါမှာ အညိုရင့်ရောင်အဖြစ်ပြောင်းလဲပါတယ်။ ပဲသီးတစ်တောင့်တွင် ပဲစေ့(၄)စေ့ ကနေ (၆)စေ့ ပါဝင်ပါတယ်။ စတင်စိုက်ပျိုးတဲ့နှစ်မှာ တစ်ဧက(၂၀၀)ကနေ(၄၀၀)ကီလိုထွက်ရှိပြီး နောက် နှစ်များမှာ တိုးတက်ထွက်ရှိပြီးတော့ ကီလို(၂၀၀၀)အထိကျွန်တော်တို့ ထွက်ရှိနိုင်ပါတယ်။ ပထမဆုံး အကြိမ်ခူးဆွတ်ပြီးနောက် တစ်နှစ်ပတ်လုံးမှာ အကြိမ်ကြိမ် ကျွန်တော်တို့ခူးဆွတ်နိုင်တာဖြစ်ပါတယ်။ ရွှေစင်ကြယ်ပဲစိုက်ပျိုးတဲ့ တောင်သူများ၏ ဂရုစိုက်ပြုစုမှုအပေါ်မှာမူတည်ပြီးတော့ နှစ်ပေါင်း(၅၀)အထိ ဆွတ်ခူးနိုင်ကြောင်း ပီရူးနိုင်ငံရဲ့မှတ်တမ်းများအရ ကျွန်တော်တို့သိရှိရပါတယ်။ ပိုးမွှားရောဂါကျရောက်မှု အတွက် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများအနေနဲ့ ပျိုးပင်ဘဝ၌မှာ ခါးရိရောဂါ၊ ပင်ညှိုးရောဂါများ ကျရောက်တတ်၍ မျိုးစေ့အား မှိုသတ်ဆေးများနဲ့လူးနယ်ပြီး စိုက်ပျိုးသင့်ပါတယ်။

ပျိုးခင်း၌ပင် မှိုရောဂါကာကွယ်ဆေး ပက်ဖျန်းသင့်ပါတယ်။ စိုက်ခင်း၌လည်း စုပ်စားပိုးများ၊ ရွက်စားပိုးများ ကျရောက်တတ်၍ သင့်တော်သောပိုးသတ်ဆေးများ အသုံးပြုသင့်ပါတယ်။ အော်ဂဲနစ်စိုက် ခင်းဖြစ်လျှင်တော့ Botanical Or Biological Pesticide များ ရွေးချယ်အသုံးပြုသင့်ပါတယ်။ ရွှေစင်ကြယ်ပဲစေ့ဟာ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကို ထိခိုက်စေနိုင်သော ဓာတ်များ၊ ဓာတ်မတည့်မှုကို ဖြစ်စေနိုင်ခြင်းများမှ ကင်းစင်စေပြီး ဆီရဲ့ဂုဏ်ရည်တည်မြဲမှုကို ကမ္ဘာ့အကောင်းဆုံး သဘာဝဆီအဖြစ် အဖက်ဖက်မှ လက်ခံယုံကြည်ထားကြပါတယ်။ နာမည်ကြီးဆီများဖြစ်တဲ့ ငါးများရဲ့အဆီ၊ သံလွင်ဆီ၊ နှမ်းဆီ စသည်တို့ထက် လူ့ခန္ဓာကိုယ်ကို ပိုမိုအားဖြစ်စေပြီး လူ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ပံ့ပိုးတဲ့ဆေးထုတ်လုပ်မှု မှာ ပါဝင်ပါတယ်။ ထို့အပြင် လူ့ခန္ဓာကိုယ်သွေးကြောများတွင်ရှိတဲ့ အဆီဓာတ်ကိုလျှော့ချပြီးတော့ နှလုံး သွေးကြောပိတ်ဆို့ခြင်းကို ကာကွယ်နိုင်ကာအသားအရည်စိုပြည်နိုင်ပါတယ်။ အရွက်ကိုအခြောက်လှန်းပြီး လက်ဖက်ခြောက်အဖြစ်သောက်သုံးခြင်းဖြင့် သွေးတိုးရောဂါများပျောက်ကင်းစေနိုင်ပြီး အဆီကျ၍ မှတ်ဉာဏ်ကောင်းစေနိုင်ပါတယ်။ ဒူးနာ၊ ခါးနာရောဂါနဲ့ ကိုယ်ခံစွမ်းအားကိုပါမြင့်မားစေနိုင်ပါတယ်။ ဆီကြိတ်ပြီး ကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်နဲ့လည်း အသုံးချနိုင်ပါတယ်။ ဒါကြောင့် ဒီကြယ်ပဲဟာ တစ်ပင်လုံး အသုံးချနိုင်တဲ့သီးနှံဖြစ်ကြောင်း တင်ပြလိုပါတယ်။

ရွှေစင်ကြယ်ပဲကို ရောဂါကုသနိုင်တဲ့ဆေးထုတ်လုပ်မှုမှာလည်းကောင်း၊ စားသုံးကုန်ထုတ်လုပ် မှုမှာလည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုမှာလည်းကောင်း၊ လူ့ခန္ဓာကိုယ်ကိုဖွံ့ဖြိုးမှုပံ့ပိုးတဲ့ဆေး ထုတ်လုပ်မှုမှာလည်းကောင်း အသုံးပြုနေကြပြီဖြစ်ပါတယ်။ အမေဇုံမြစ်ဝှမ်းဒေသမှာနေထိုင်ကြတဲ့

လူမျိုးများဟာ ရွှေစင်ကြယ်ပဲစေ့ကို Sacha inchi စွတ်ပြုတ်ရည်အဖြစ်လည်းကောင်း၊ ပဲစေ့လှော်အဖြစ်လည်းကောင်း၊ ဆီအဖြစ်လည်းကောင်း အမျိုးမျိုးအသုံးပြုလာကြပါတယ်။ ယခုအချိန်ထိ မုန့်ပဲသရေစာများမှာထည့်သွင်းအသုံးပြုလျက်ရှိပါတယ်။ ဌာနေတိုင်းရင်းအချို့က စပျစ်သီးစိမ်းဟုလည်းကောင်း၊ ဘယ်ရီပဲတောင့်ဟုလည်းကောင်း အမျိုးမျိုးခေါ်ဆိုကြပြီး အပင်အမျိုးအစားမှာ နှစ်ရှည်ခံနွယ်ပင်အမျိုးအစား ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်တွေမှာ (၁၅၀၀)ဧကစာကို EL SHADDAI Co, Ltd က မျိုးစေ့တင်သွင်းပြီး စမ်းသပ်စိုက်ပျိုးလျက်ရှိပါတယ်။

မျိုးစေ့တစ်ကီလိုမှာ(၂၂၀၀၀)ကျပ်နှုန်းနဲ့ရောင်းချပေးလျက်ရှိပြီး စိုက်ပျိုးထွက်ရှိလာတဲ့ရွှေစင်ကြယ်ပဲများဟာ တစ်ကီလိုလျှင်(၁၁၀၀)ကျပ်နှုန်းဖြင့် အဆိုပါကုမ္ပဏီမှ လောလောဆယ်ပြန်လည် ဝယ်ယူလျက်ရှိပါတယ်။ ပေါက်ဈေးအရဈေးနှုန်းကိုပေး၍ ဝယ်ယူသွားပြီဖြစ်ကြောင်းသိရှိရပါတယ်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပိန်းအင်းကျေးရွာအုပ်စုမှာလည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့မှာ ရွှေစင်ကြယ်ပဲစိုက်ပျိုးရေးအတွက် Golden Sacha Inchi Co.,Ltd က ခြံထွက်သီးနှံများစိုက်ပျိုးတဲ့ တောင်သူများနဲ့တွေ့ဆုံပြီးတော့ တိုးချဲ့စိုက်ပျိုးရန်၊ ထွက်ရှိလာတဲ့ ရွှေစင်ကြယ်ပဲများအား ကုမ္ပဏီမှစာချုပ်ချုပ်ဆို၍ ဝယ်ယူရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနဲ့ လေးမျက်နှာ၊ အိုင်သပြု(မယင်း)ဒေသမှာ အဝယ်ဒိုင်ဖွင့်လှစ်ပြီး ဝယ်ယူရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ အေးသုခကျေးရွာ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောက်ချောကုန်းကျေးရွာ၌လည်းကောင်း စမ်းသပ်စိုက်ပျိုးရန် ပျိုးများထောင်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ကုမ္ပဏီအနေနဲ့လည်း ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်က သတင်းစာတွေထဲမှာ ကြော်ငြာတာက ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးပြီး စာချုပ်၍ထွက်လာတဲ့အသီးများကို ပေါက်ဈေးဖြင့်ဝယ်ယူသွားမည်ဖြစ်ကြောင်းလည်းသိရှိရပါတယ်။ အဆိုပါဒေသများမှာ စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက ဘိန်းအစားထိုးဒေသများရှိတဲ့ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာပံ့ပိုးကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးစောထွန်းမြအောင်မေးတဲ့မေးခွန်းနဲ့ ဒုတိယဝန်ကြီး၊ ဦးအုန်းသန်းဖြေကြားတဲ့မေးခွန်းတွေဟာ အများပြည်သူတွေအတွက် တန်ဖိုးရှိတဲ့ မေးခွန်းနဲ့အဖြေတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ပြန်တမ်းမှာထည့်သွင်းပေးဖို့ ရုံးအဖွဲ့ကိုညွှန်ကြားပါတယ်။

**ကျောက်ဖြူမြို့နယ်၊ ဇင်းချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင် (ဝက်တောပြင်) ကျေးရွာသုံးရွာ ဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချော လူသွားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ကျောက်ဖြူမြို့နယ်၊ ဇင်းချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင် (ဝက်တော

ပြင်) ကျေးရွာသုံးရွာ ဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချောလူသွားလမ်း အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာသူ ကျေးရွာသားများ၏ မေးမြန်းချက်အရ ကျွန်တော်က အောက်ပါမေးခွန်းများကို မေးသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင် (ဝက်တောပြင်) ကျေးရွာ ရွာသုံးရွာအား ရွာချင်းဆက်ကျောက်ချောလမ်း၊ ကျောက်ချော လူသွားလမ်းတစ်ခု ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းဖို့ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအုပ်စုမှာ ကုန်ဘွေကျေးရွာ၊ ကုန်ဘောင်ကြီး (ဇင်ချောင်း) ကျေးရွာ၊ တောင်ရင်းကျေးရွာ၊ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာနဲ့ ကုန်ဘောင်(ဝက်တောပြင်)ကျေးရွာ ဟူ၍ ကျေးရွာ(၆)ရွာရှိပါတယ်။ ကုန်းဘွေကျေးရွာ၊ ကုန်ဘောင်ကြီး(ဇင်ချောင်း)ကျေးရွာနဲ့ တောင်ရင်းကျေးရွာတို့မှာ ကျောက်ဖြူ-ရန်ကုန်ကားလမ်းမကြီးဘေးတွင် တည်ရှိကြပြီး ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာနဲ့ ကုန်ဘောင်(ဝက်တောပြင်)ကျေးရွာတို့မှာ အတွင်းပိုင်းတွင် တည်ရှိတဲ့ကျေးရွာများဖြစ်ကြပါတယ်။

ကုန်ဘွေကျေးရွာ၊ ကုန်ဘောင်ကြီး (ဇင်ချောင်း)ကျေးရွာနဲ့ တောင်ရင်း ကျေးရွာတို့မှာ ကျောက်ဖြူ-ရန်ကုန် ကားလမ်းဘေးတွင် တည်ရှိကြတဲ့အတွက် ဈေး၊ အထက ကျောင်း၊ ဆေးရုံ၊ ရဲစခန်း၊ စာတိုက်၊ ကျေးလက်ကျန်းမာရေးဌာန၊ ဆောက်လုပ်ရေးရုံး၊ စာကြည့်တိုက်၊ အဝေးပြေးကားဂိတ်နဲ့ ဆိပ်ကမ်း အစရှိသည်တို့ တည်ရှိပြီးတော့ အချိန်တိုအတွင်းမှာ တိုးတက်ပြောင်းလဲလျက်ရှိနေသော်လည်း ကျန်ကျေးရွာ(၃)ရွာများဖြစ်ကြတဲ့ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာနဲ့ ကုန်ဘောင် (ဝက်တောပြင်) ကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် လူနေမှုဘဝမှာ အဖက်ဖက်မှ နိမ့်ကျလျက်ရှိနေပါတယ်။ ကုန်ဘွေကျေးရွာ၊ ကုန်ဘောင်ကြီး (ဇင်ချောင်း)ကျေးရွာများနဲ့ ဆက်သွယ်ထားတဲ့ မြေသားလမ်းရှိသော်လည်း မိုးရာသီတွင် မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ သုံးဘီးကားစသည့် ယာဉ်များမောင်းနှင်သွားလာ၍ မရပါသဖြင့်ခြေလျင်သာလျှင် သွားလာနေကြရပါတယ်။ ကုန်ဘွေကျေးရွာ၊ ကုန်ဘောင်ကြီး (ဇင်ချောင်း) ကျေးရွာနဲ့ ဆက်သွယ်ထားသော မြေသွားလမ်းမှာ(၂)မိုင်နဲ့ (၄)ဖာလုံခန့်ရှိပြီး ထိုမြေသားလမ်းအား ရာသီမရွေး အမြဲတမ်းသွားလာနိုင်မယ့် ကျောက်ချောလမ်းတစ်ခု ပြုလုပ်ပေးပါက ဤကျေးရွာ(၃)ရွာတွင် နေထိုင်ကြသော ကျေးရွာသူ၊ ကျေးရွာသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လုံခြုံရေးကိစ္စများတွင် အလွယ်တကူလုပ်ဆောင်နိုင်ကြမည်ဖြစ်၍ လူနေမှုဘဝတိုးတက်မြင့်မားလာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်)ကျေးရွာတို့ကို (က)ကုန်ဘောင်ကြီး (ဇင်ချောင်း) ကျေးရွာနဲ့ ဆက်သွယ်ထားသောမြေသားလမ်းအား ကျောက်ချော

လူသွားလမ်းအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ)ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပါမည်နည်း။ (ဂ) အကယ်၍ မဆောက်လုပ်ပေးနိုင်ပါက အဘယ် ကြောင့်ပါနည်း စသည့်မေးခွန်းတို့ကို ကျေးရွာသူ၊ ကျေးရွာသားများ၏တောင်းဆိုချက်အရ မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းတင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးကနေ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးကနေပြီးတော့မှ ကျွန်တော်တို့ ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားနဲ့အောက်ခြေအထိ ကွင်းဆင်းပြီး မေးမြန်းပေးတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပထမ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် တင်ပြလိုပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအုပ်စုမှာ ရှိတဲ့ ကျီးဒွေ ကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်)ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ကုန်ဘောင်ကြီး (ဇင်ချောင်း) ကျေးရွာနဲ့ ဆက်သွယ်သွားလာနိုင်ရန်ဖြစ်ပြီး လက်ရှိအနေအထားမှာ လူသွားလမ်းကြောင်း အဆင့်သာ ရှိပါတယ်။ အဲဒီလမ်းကို အရှည်ကတော့(၂)မိုင်၊ (၄)ဖာလုံရှိပြီးတော့မှ မြေသားလမ်း ဖောက်လုပ်ခြင်းနဲ့ ကျောက်ချောလမ်း ခင်းမယ်ဆိုလို့ရှိရင် ငွေကျပ်(၂၄၀)သန်းနဲ့ လမ်းပေါ်မှာရှိတဲ့ (၅)ပေ၊ (၁၈) ပေ၊ (၅) ပေ သံကူကွန်ကရစ်ရေပြွန်(၁၂)စင်းအတွက် ငွေကျပ်(၃၆)သန်း၊ စုစုပေါင်း(၂၇၆)သန်း ကုန်ကျမှာဖြစ်ပါတယ်။ အဲဒီလမ်းဖောက်လုပ်ပေးမယ်ဆိုလို့ရှိရင် အိမ်ခြေ(၁၂၇၃)အိမ်နဲ့ လူဦးရေ (၅၀၀၃)ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်(၈၀၂၅.၇၀၅)သန်းနဲ့ ကတ္တရာလမ်း(၆)မိုင်၊ (၅)ဖာလုံ၊ ကျောက်ချောလမ်း(၄၂) မိုင်၊ (၄)ဖာလုံ၊ မြေသားလမ်း(၁၁၄)မိုင်၊ (၅)ဖာလုံနဲ့ ကွန်ကရစ်တံတား (၁၀၃၀)ပေ၊ သစ်သားတံတား(၁၁၆၅)ပေနဲ့ ရေပြွန်(၄၀၈)ပေ တို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။

ကျောက်ဖြူမြို့နယ်အတွင်းမှာဆိုလို့ရှိရင်လည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနရဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ၊ နှစ်အတွင်းမှာ ကျွန်တော်တို့ ကိုယ်စားလှယ် တော်ကြီး မေးမြန်းထားတဲ့ ကျေးရွာချင်းဆက်လမ်း(၂)မိုင်၊ (၄)ဖာလုံ ကျောက်ချော လမ်းခင်းဖို့မှာ ပါဝင်ခြင်း

မရှိသော်လည်းဘဲ ကျောက်ဖြူမြို့နယ်အတွင်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရန်ပုံငွေကျပ် (၁၃၁၁) သန်းနဲ့ ကျောက်ချောလမ်း (၁၁)မိုင်၊ မြေသားလမ်းမိုင်(၂၀)နဲ့ ကွန်ကရစ်တံတား (၁၀၀)ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအုပ်စုမှာ ရှိတဲ့ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်) ကျေးရွာသုံးရွာ ရွာချင်းဆက် လူသွားကျောက်ချောလမ်းဟာ မွေးမြူရေး ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်းမရှိသေးပါ။ လတ်တလောမှာလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း နဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်ဖြေကြားအပ် ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာ အမှတ်(၁၃) အခြေခံပညာအလယ်တန်း ကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါ တယ်။ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာ အမှတ်(၁၃) အခြေခံပညာအလယ်တန်း ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်း မှာ ဖြစ်ပါတယ်။

ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာရှိ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်းဟာ ပင်မကျောင်းဖြစ်တဲ့ အ.ထ.က(၃) ရေနံချောင်းမြို့နဲ့ (၃၂)မိုင်ခန့်အကွာမှာ တည်ရှိနေပါတယ်။ ယခုအခါမှာ ချောင်းဆုံကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ အလယ်တန်းကျောင်းသား/ကျောင်းသူ (၁၄၇)ဦး၊ မူလတန်းအဆင့်ကျောင်းသား/ ကျောင်းသူ (၁၄၄)ဦး၊ စုစုပေါင်း(၂၉၁)ဦး ပညာသင်ကြားလျက်ရှိပြီးတော့ ပတ်ဝန်းကျင်ကျေးရွာများမှာ အထက်တန်းပညာရေး အတွက် မှီခိုအားထားရတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ ဒေသခံ မိဘ ပြည်သူများအနေနဲ့ ပညာရေးကို စိတ်ဝင်စားကြပြီးတော့ လက်ရှိကျောင်းမှာ ပေ(၁၂၀)၊ (၃၀)ရှိ ကျောင်းဆောင်(၂)ဆောင်ကိုလည်း ကျေးရွာကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားခြင်းဖြစ်တဲ့အပြင် နိုင်ငံတော်အနေနဲ့လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပေ(၉၀)၊ (၃၀)ရှိ ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ် ခွင့်ပြုပေးထား ပြီးလည်း ဖြစ်ပါတယ်။

ပညာရေးဌာနရဲ့ ခွင့်ပြုချက်အရ ၁၉၈၇-၁၉၈၈ ပညာသင်နှစ်မှစပြီးတော့ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်လှစ်ခဲ့ပြီးတော့ ၁၆-၁-၂၀၁၀ ရက်နေ့မှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ချောင်းဆုံကျေးရွာမှာ အိမ်ခြေ(၂၆၅)အိမ်ရှိပြီး၊ လူဦးရေ (၂၀၀၀)ကျော် မှီတင်းနေထိုင်တဲ့ ကျေးရွာဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်အတွင်းမှ ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ မကြီးကုန်းရွာ၊ ဆေးပုလဲတောရွာ၊ လေးတိုင်စင်ရွာ၊ နတ်မောက်မြို့နယ်အတွင်းမှ ကျောင်းကုန်းရွာ၊ ဝန်ကိုက်ရွာ၊ ချောင်းနက်ရွာစတဲ့ ကျေးရွာများမှ လူဦးရေ(၇၀၀၀)ကျော်၊ အိမ်ခြေ(၈၀၀)နီးပါးတို့မှ ပညာရေးမှီခိုအားထားရာ ကျောင်းတစ်ကျောင်းဖြစ်တဲ့အပြင် ရေနံချောင်းမြို့မှ မိုင်(၃၀)ခန့် ကွာဝေးပြီး၊ နတ်မောက်မြို့နဲ့လည်း မိုင်(၂၀)ခန့် အကွာအဝေးတွင် တည်ရှိကာ ရေနံချောင်းနဲ့ နတ်မောက်မြို့နယ် နယ်ခြားအစပ်မှာ တည်ရှိခြင်းကြောင့် ရေနံချောင်းနဲ့ နတ်မောက်မြို့များနဲ့ ခရီးကွာဝေးခြင်း၊ သွားလာရေးခက်ခဲခြင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသားအင်အား(၂၉၁)ဦးရှိခြင်း၊ အထက်တန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ရန် ကျောင်းအဆောက်အဦ ဆောက်လုပ်ထားပြီးဖြစ်ခြင်း၊ ကျောင်းသုံးပရိဘောဂ ပြည့်စုံခြင်း၊ ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူး၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိ/ရပ်ဖများနှင့် ပြည်သူများမှ ပညာရေးကို အထူးလိုလားအားပေးခြင်း၊ ချောင်းဆုံကျေးရွာ အလယ်တန်းကျောင်းရှိ ကျောင်းသား/ကျောင်းသူများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ(၆)ရွာမှ ကျောင်းသား/ကျောင်းသူများ အပြင် အနီးပတ်ဝန်းကျင်းကျေးရွာအုပ်စုများဖြစ်တဲ့ ချိုင်ကျေးရွာအုပ်စု၊ နဂါးကျေးရွာအုပ်စု၊ နတ်မောက်မြို့နယ်အတွင်းမှ ဝက်ချုပ်ကျေးရွာအုပ်စု၊ ချောင်းနက်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ကျောင်းသား/ ကျောင်းသူများ အထက်တန်းပညာပြီးဆုံးအောင်သင်ယူနိုင်ခွင့် အခွင့်အလမ်းများရရှိခြင်း၊ ရေနံချောင်းမြို့ရဲ့ အရှေ့တောင်ဘက်၊ ဗဟိုအချက်အချာမှာကျတဲ့နေရာမှာ တည်ရှိတဲ့အတွက် ပတ်ဝန်းကျင် ကျေးရွာများမှ ကျောင်းသား/ကျောင်းသူများ လာရောက်ပညာသင်ကြားနိုင်ခြင်းတို့ကြောင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ အမှန်တကယ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အထူးသင့်လျော်သော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အဆိုပါ ချောင်းဆုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဟာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ချောင်းဆုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ တင်ပြလျှောက်ထားချက်၊ ထောက်ခံတင်ပြချက်၊ အမှတ်(၃)အခြေခံပညာအထက်တန်း

ကျောင်းအုပ်ကြီးရဲ့ ရေနံချောင်းမြို့ရဲ့ ပင်မကျောင်းအား တစ်စုံတရာထိခိုက်မှု မရှိပါကြောင်း ထောက်ခံချက်၊ ရေနံချောင်းမြို့နယ် ပညာရေးမှူး၏ ကွင်းဆင်းစစ်ဆေးထောက်ခံချက်၊ မြို့နယ်ပညာရေးမှူး၏ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးရန် အထူးသင့်လျော်သော ကျောင်းတစ်ကျောင်း ဖြစ်ကြောင်း ထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထောက်ခံချက်များနဲ့အတူ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးသို့လည်း ပေးပို့တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

သို့ပါ၍ ကျေးလက်နေ ပြည်သူများ၏ သားသမီးများဖြစ်သော ကျောင်းသား/ကျောင်းသူများ အခြေခံပညာအထက်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် ဒေသခံ မိဘပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းများ နှင့်အတူ မေးမြန်းအပ်ပါတယ်။

မေးခွန်း(၁) ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးရွာအုပ်စု၊ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ။ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်မှစ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်ကိုကို သိရှိလိုပါသဖြင့် ကျေးလက်နေ ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မြိတ်မြို့နယ်၊ ရေပုန်းနယ်မြေ ငြိမ်းချမ်းသာယာ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာ မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် က မြိတ်မြို့နယ်၊ ရေပုန်းနယ်မြေ ငြိမ်းချမ်းသာယာ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ရေပုန်းနယ်မြေ ငြိမ်းချမ်းသာယာတွဲဖက် အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာ မူလတန်းကျောင်းအဆင့် တိုးမြှင့်ပေးရေးနဲ့ပတ်သက်၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မြိတ်မြို့နယ်၊ ရေပုန်းနယ်မြေ၊ ငြိမ်းချမ်းသာယာရပ်ကွက်နေ ပြည်သူများမှ (၃၀ ပေ x ၁၂၀ ပေ) သွပ်မိုး၊ သစ်ကာ၊ သစ်ခင်းကျောင်းဆောင်တစ်ဆောင်ကို ၂၀၀၃ ခုနှစ်ကကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီးတော့ ရေပုန်းနယ်မြေ အမှတ်(၅)အခြေခံပညာမူလတန်းလွန်ကျောင်းနဲ့ တွဲဖက်၍ ဖွင့်လှစ်သင်ကြားခဲ့သည်မှာ ယခုအခါမှာ (၁၂)နှစ်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းသား

ဦးရေ(၁၇၈)ဦး တက်ရောက်သင်ကြားလျက်ရှိပြီးတော့ ဆရာ/ဆရာမ (၅)ဦးကိုလည်း ငှားရမ်းပြီးတော့ သင်ကြားစေလျက်ရှိပါတယ်။ ကျောင်းသားများ နေ့စဉ် တိုးတက်သင်ကြားလာသလို ကျောင်း အသုံး အဆောင်ကုန်ကျစရိတ်နှင့် ဆရာများငှားရမ်းခမှာ ရပ်ကွက်နေပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး သဖွယ်ဖြစ်နေသော်လည်း မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့များရဲ့ ပူးပေါင်းပြီး တော့ ကျောင်းရဲ့လိုအပ်ချက် အဝဝကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ကွက်နေပြည်သူများ အနေဖြင့်လည်း ကျောင်းအဆင့်တိုးမြှင့်ပေးရန်ကို တင်ပြတောင်းဆိုလျက်ရှိတာကြောင့် ဒုတိယ ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး မြိတ်မြို့ရဲ့ ထောက်ခံချက်နဲ့အတူ မြိတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂-၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၅၂၄/၅/၄ -၁၃ ခရအ (မြိတ်)ဖြင့် တနင်္သာရီ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ရုံးသို့လည်း ပေးပို့တင်ပြထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုသည်မှာ မြိတ်မြို့နယ်ရေပုန်းနယ်မြေ ငြိမ်းချမ်းသာယာ တွဲဖက် အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာမူလတန်း ကျောင်းအဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။

**ကျောက်တော်မြို့နယ်၊ ဆန်းသစ်ပြင်ကျေးရွာတွင် နိုင်ငံတော်အစိုးရမှ မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ကျောက်တော်မြို့နယ်၊ ဆန်းသစ်ပြင်ကျေးရွာတွင် နိုင်ငံတော် အစိုးရမှ မူလတန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကြွရောက် လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်လူကြီးများ အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး က ဒီနေရာကနေပြီးတော့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော် ဒီနေ့မေးရမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဆန်းသစ်ပြင်ကျေးရွာမှာ နိုင်ငံတော်အစိုးရမှ မူလတန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဆန်းသစ်ပြင် ကျေးရွာဟာ ရခိုင်ပြည်နယ် ကျောက်တော်မြို့မှ (၆)မိုင် ကွာဝေးပြီးတော့ မြို့ပေါ်ကို သွားဖို့ လမ်းပန်းဆက်သွယ်ရေးလည်း အလွန်ပဲ ခက်ခဲပါတယ်။ မိုးရာသီမှာ ရေလမ်းနဲ့ သွားရောက်နိုင် ပြီးတော့ နွေရာသီကျတော့ ကုန်းလမ်းနဲ့ တော်တော်ခက်ခက်ခဲခဲ သွားရပါတယ်။ အိမ်ခြေ (၇၆)အိမ် ရှိပြီးတော့ လူဦးရေ (၃၅၁)ဦး ရှိပြီး လူငယ် (၁၈)နှစ်အောက် (၁၅၀)ခန့် ရှိပါတယ်။ ဆင်းရဲတဲ့ ရွာသူ/ ရွာသားများ ဖြစ်တဲ့အတွက် ပံ့ကျ အလုပ်တွေနဲ့ အသက်မွေးကြပါတယ်။ သို့သော်လည်းပဲ မိမိတို့ သားသမီးများကို ပညာတတ်စေချင်ကြတဲ့အတွက် အလျား(၃၃)ပေ အနံ(၁၂)ပေ အမြင့်(၉)ပေရှိတဲ့ သွပ်မိုး၊ ပျဉ်ခင်း အဆောက်အဦတစ်ခုကို လူမှု အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ABCD အဖွဲ့က ကိုယ်ထူကိုယ်ထ

စနစ်နဲ့ ဆောက်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းနံရံအကာအတွက် မတတ်နိုင်တဲ့အတွက် တာပေါ်လင်စတွေနဲ့ ကာရံထားရပါတယ်။ အရင်က အဲဒီကျောင်းကို ငတေပေါင်းအစိုးရ မူလွန်ကျောင်းနဲ့ တွဲဖက်စနစ်နဲ့ အမှီပြုဖို့ ကြိုးစားခဲ့ပါတယ်။ ယခုအခါမှာ ငါးယောက်ကိုင်းအစိုးရမူလွန်ကျောင်းနဲ့ တွဲဖက် ချိတ်ဆက်ထားပါတယ်။

သို့သော်လည်း တရားဝင် အသိအမှတ်ပြုခြင်း မခံရသေးပါဘူး။ ကျောင်းသား အရေအတွက် အားဖြင့် (၇၁)ဦးနဲ့ ကျောင်းအဆောက်အဦဟာလည်းပဲ မတန်တဆ ဖြစ်နေပါတယ်။ ကျောင်းသားတွေဟာ တစ်နေရာတည်းမှာ စုပြုံသင်ကြားနေရတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၃ မတိုင်မီက ဆန်းသစ်ပြင်ရွာကလေးမှာ ကျောင်းလည်း မရှိဘူး။ ဆရာလည်း မရှိဘူးဆိုတဲ့ အခါကျတော့ ရွာနဲ့အနီးဆုံး (၃)မိုင်ကွာဝေးတဲ့ ငတေပေါင်း ကျောင်းမှာ သွားပြီးတော့ ခက်ခက်ခဲခဲ ကျောင်းတက်ခဲ့ရပါတယ်။ ၂၀၁၃ ကစပြီးတော့ မိမိကျေးရွာမှာ ကိုယ်ထူကိုယ်ထကျောင်း ထူထောင်လာနိုင်တဲ့အခါမှာ သူငယ်တန်းကနေပြီးတော့ စတုတ္ထတန်းထိ ကျောင်းသား(၇၁)ဦး ရှိလာပြီးတော့ စေတနာဆရာတစ်ဦးကို ငှားရမ်းပြီး သင်ကြားလာခဲ့ကြတာ (၃)နှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ အဲဒီတော့ အစိုးရဆီမှာ အထောက်အထား အစုံအလင်နဲ့ အသိအမှတ်ပြုခံရဖို့အတွက် လျှောက်ထားခဲ့တာ (၂)နှစ်ကျော်ကြာတဲ့အထိ အခုချိန်ထိကို အရေးယူဆောင်ရွက်ခြင်း တစ်စုံတစ်ရာ မရှိသေးပါဘူး။ UN-INGO အဖွဲ့တွေရဲ့ Non-Formal Primary Education ဆိုတဲ့ ကျောင်းပြင်ပသင်ကြားရေးအစီအစဉ်တွေကို မြို့ပေါ်တွေမှာ ဆောင်ရွက်နေတာ ကြားသိနေရပါတယ်။

ဒါပေမဲ့ အဲဒီဆန်းသစ်ပြင်ရွာကတော့ အဲဒီအဖွဲ့အစည်းတွေရဲ့ ဂရုစိုက်ခြင်းကို မခံရပါဘူး။ အခုအခါမှာတော့ ကိုယ်ထူကိုယ်ထကျောင်းကို စေတနာရှင် တွေရဲ့ ဖေးမကူညီမှုတွေနဲ့ စနစ်တကျ စီမံချက် ရေးဆွဲပြီးတော့ အကောင်အထည်ဖော်လာပြီးတော့ လုံခြုံတဲ့ အဆောက်အဦတစ်ခုကို ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ အဆောက်အဦကိုဧပြီလအကုန်မှာဆောက်ပြီး၊ ပြီးစီးခဲ့တဲ့အတွက် ကျောင်းသူ/ ကျောင်းသားတွေဟာ လုံခြုံတဲ့ အမိုးအကာအောက်မှာ စိတ်ချမ်းသာစွာနဲ့ ပညာသင်ကြားနိုင်တော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေမှာလည်းပဲ နိုင်ငံတော်အစိုးရ နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနဲ့ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမယ်။ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်မယ် ဆိုပြီးတော့လည်း အတိအကျရေးထားပါတယ်။ နိုင်ငံတော်မှာ စာမတတ်သူ ပပျောက်ရေး၊ မသင်မနေရ မူလတန်းပညာရေးနဲ့ အခမဲ့ပညာရေးစနစ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ယနေ့ အချိန်အခါမျိုးမှာ ပညာသင်ချင်ပါလျက်နဲ့ အခွင့်အရေးမရရှာတဲ့ ဆန်းသစ်ပြင်ကျေးရွာက ကလေးတွေဟာ ချန်လှပ်ထားခြင်းမျိုး မခံရစေချင်ပါဘူး။ နိုင်ငံတော်ရဲ့ ပညာသင်ကြားနေတဲ့ အခြားကလေးများ နည်းတူတန်းတူ အခွင့်အရေး ရရှိသင့်ပါတယ်။ ကလေးများ ပညာတတ်မြောက်ခြင်းအားဖြင့် ဆင်းရဲ နွမ်းပါးမှုကို လျှော့ချစေနိုင်မှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆန်းသစ်ပြင်ကျေးရွာမှာ နိုင်ငံတော်အစိုးရမှ မဖြစ်မနေ မူလတန်းကျောင်း တစ်ကျောင်း အမြန်ဆုံး ဖွင့်လှစ်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရအား ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများကို တစ်ခုစီဖြေကြားသွားပါ့မယ်။ ပထမဦးဆုံး(၃)ခုလုံးအနေနဲ့ ဝမ်းသာစရာ တင်ပြချင်တာကတော့ အစီအစဉ်အားလုံးကို ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အားလုံးအဆင့်တိုးပေးမှာ ဖြစ်ပါတယ်။ တစ်ခုချင်းအနေနဲ့ ကျွန်တော်အသေးစိတ်ပြန်တင်ပြရရင်တော့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ထိ အခြေခံပညာအထက်တန်းကျောင်း (၈)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၄၀)ကျောင်း အခြေခံပညာမူလတန်းလွန်ကျောင်း (၂၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၁၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၉၂)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ်၊ ချောင်းဆိုကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းတွင် ပဥ္စမတန်း(၃၉)ဦး၊ ဆဋ္ဌမတန်း(၂၆)ဦး၊ သတ္တမတန်း(၄၃)ဦး၊ အဋ္ဌမတန်း(၃၉)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသား (၁၄၇)ဦး ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ ၎င်းတို့မှာ ကျောင်းပညာရေး တိုးတက်မှုရှိရန်၊ ထူးခြားသော အခြေအနေများတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းတင်ပြရန်၊ ကျောင်းတည်နေရာ အဆင့်သတ်မှတ်ချက် A,B,C,D,E အလိုက်စိစစ်ရန်၊ ကျောင်းအကျယ်အဝန်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ လုံလောက်ကြောင်း သတ်မှတ်လျှင် ကျောင်းအဆောက်အဦနှင့် ပရိဘောဂ ပြည့်စုံမှုရှိရန်၊ ပတ်ဝန်းကျင်ကျောင်းမှ တက်ရောက်မှု အင်အားပြရန်၊ အထက်ဖော်ပြပါအချက်များအရ တစ်မြို့နယ်လျှင် အနည်းဆုံး ကျောင်းတစ်ကျောင်း ဦးစားပေးရွေးချယ်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်ကော်မတီ(၃)ရပ်၏ ကွင်းဆင်းအကြံပြုချက်ရယူရန်၊ ရေရရှိမှုသောက်သုံးရေ လွယ်ကူစွာရရှိသည့် ကျောင်းကိုဦးစားပေးရန်၊ အဆင့်တိုးလျှောက်သည့် ကျောင်း၏ပတ်ဝန်းကျင်မှ တစ်ဆင့်နိမ့် ကျောင်းသားဦးရေများသည့် ကျောင်းကိုဦးစားပေးရန်၊ ကျောင်းအဆင့်တိုးပေးရာတွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်သော သွားလာရေးခက်ခဲသော ဒေသများတွင် ကျောင်းသားဦးရေ တစ်မျိုးတည်း မကြည့်ဘဲ ကျောင်းနေမြဲရေး ကို ဦးစားပေးရန်၊ သီးခြားကျွန်း သို့မဟုတ် ဝေးလံခက်ခဲသော ဒေသများတွင်တည်ရှိသောကျောင်းကို ဦးစားပေးရန်၊ ဒေသခံများက ပညာရေးအပေါ် စိတ်ဝင်စားမှုရှိခြင်း ကူညီပံ့ပိုးမှုရှိသော ကျောင်းများကို ဦးစားပေးရန် စသည့်အချက်များအပေါ် မူတည်ပြီး

ကျောင်း အဆင့်တိုးမြှင့်ခြင်းများကို စိစစ်ဆောင်ရွက် လျက်ရှိပါတယ်။ သို့ပါ၍ အထက်ပါအချက်များနှင့် စိစစ် ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် ချောင်းဆုံကျေးရွာ၊ အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်း အား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခုကိုယ်စားလှယ်တော်ကြီးတင်ပြသည့် မြိတ်မြို့နယ်၊ ရေပုန်းနယ် မြေ ငြိမ်းချမ်းသာယာရပ်ကွက်သည် ရေပုန်းအခြေခံပညာ မူလတန်းလွန်ကျောင်းနှင့်လည်းကောင်း၊ အမှတ် (၄) မြိတ်အခြေခံပညာ အထက်တန်းကျောင်းနှင့်လည်းကောင်း (၁)မိုင်ခန့်ကွာဝေးပြီး မူလတန်း အဆင့်သင် ကလေးငယ်များ ပညာသင်ကြားနိုင်ရန် မိဘပြည်သူများက ၂၀၁၃ ခုနှစ်တွင် (၁၂၀)ပေ (၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဆောင်ကို ဆောက်လုပ်ခဲ့ပါတယ်။ ယခင်က ရေပုန်းအခြေခံ ပညာ မူလတန်းလွန်ကျောင်းနှင့် တွဲဖက်၍ ပညာသင်ကြားခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ပညာ သင်နှစ်တွင် ငြိမ်းချမ်းသာယာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းရှိ မူလတန်းအဆင့်သင် ကျောင်းသားဦးရေမှာ (၁၇၈)ဦးရှိပါတယ်။ အဆိုပါကျောင်းသည် မြိတ်မြို့ ရပ်ကွက်အမှတ်(၁) ရေပုန်းရပ်ကွင်းအမှတ် (၃၀) ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၁၀၄) ဧရိယာ၊ (၀.၂၂၀) ဧက အစိုးရ မြေလွတ်တွင် ငြိမ်းချမ်းသာယာ အခြေခံပညာမူလတန်းကျောင်းမြေအဖြစ် အသုံးပြုရန် လျှောက်ထားပြီး ဖြစ်ခြင်း၊ လက်ရှိကျောင်းသားဦးရေမှာ သတ်မှတ်ထားသည့် မူလတန်းအဆင့်သင် ကျောင်းသားဦးရေ ပြည့်မီခြင်းရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ငြိမ်းချမ်းသာယာ ကိုယ့်အားကိုယ်ကိုး မူလတန်း ကျောင်းအား အခြေခံပညာမူလတန်းကျောင်းအဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာ အထက်တန်း ကျောင်းခွဲ (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာ အလယ်တန်း ကျောင်းခွဲ (၁၇)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁၇)ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း (၁၆၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ (၁၃)ကျောင်း စုစုပေါင်း အခြေခံပညာ ကျောင်း (၂၂၃)ကျောင်းဖွင့်လှစ် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် သူငယ်တန်း (၂၂)ဦး၊ ပထမတန်း(၂၀)ဦး၊ ဒုတိယတန်း (၁၃)ဦး၊ တတိယတန်း(၁၀)ဦး၊ စတုတ္ထတန်း(၆)ဦး စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား (၇၁)ဦး ရှိပါတယ်။ ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသည် စာသင်ဆောင် (၆၀ x ၃၀)ပေ ဓနိမိုး၊ ဝါးခင်း၊ ထရံကာ (၁)ထပ်ဆောင်ဖြစ်ပြီး စာသင်ခန်းမှာ ဟောခန်းဖြစ်ပါတယ်။ ပင်မကျောင်း ငတေပေါင်း အခြေခံပညာမူလတန်းကျောင်းနှင့် (၃) မိုင်ခန့် ကွာဝေးပါတယ်။ လက်ရှိကျောင်းသားဦးရေမှာ သတ်မှတ်ထားသည့်မူလတန်းအဆင့်သင် ကျောင်းသား ဦးရေ ပြည့်မီခြင်းရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာ

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်းအဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘွိုင်လာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ဘွိုင်လာ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(င)(ဏ)(ဒ)(ဓ)

၂။ (က) ဘွိုင်လာ ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို ပြင်ပ၌ အသုံးပြုရန် အပူရှိန်ဖြင့် ရေနွေးငွေ့ ထုတ်လုပ်ပေး သည့် အလုံပိတ်ဖိအားခံအိုးနှင့် ယင်း ဖိအားခံအိုးတွင်

တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် (၂၅) လီတာ သို့မဟုတ် (၅.၅) ဂါလန်အောက် လျော့နည်း၍ ဝင်ဆံ့သော ဖိအားခံအိုး၊ တစ်စတုရန်း စင်တီမီတာပေါ်တွင် တစ်ကီလိုဂရမ်ဖိအား သို့မဟုတ် တစ်စတုရန်း လက်မပေါ်တွင် (၁၄.၂) ပေါင် ဖိအားအောက် လျော့နည်းသော ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံ အစိတ်အပိုင်းများ မပါဝင်။

( င ) ခွင့်ပြုဖိအား ဆိုသည်မှာ မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ ပိုက်နှင့် ရေသွင်းပိုက်တို့တွင် အသုံးပြုရန်ခွင့်ပြုသော ဖိအားကိုဆိုသည်။

(ဏ) ဘွိုင်လာထုတ်လုပ်သူ ဆိုသည်မှာ ဘွိုင်လာ၊ ဘွိုင်လာ နှင့် ဆက်စပ်သည့် ဖိအားခံ အစိတ်အပိုင်းများကို မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန် စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

( ဒ ) ဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းသူလက်မှတ် ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်း ခြင်းဆိုင်ရာ လုပ်ငန်းတွင် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသူအား စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

( ဓ ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ ဆိုသည်မှာဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းခြင်း လုပ်ငန်းတွင်လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူ လက်မှတ်ရရှိထားသူကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(င)(ဏ) (ဒ)(ဓ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(င) (ဏ)(ဒ)(ဓ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃(က)(ခ)(ဂ)(ဃ)(င)(စ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများ ရရှိစေရန်၊

( ခ ) ဘွိုင်လာ မတော်တဆထိခိုက်မှု ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံတော် နှင့် အများပြည်သူတို့ နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရန်၊

( ဂ ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း များနှင့်အညီ အသုံးပြုစေရန်၊

(ဃ) ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘွိုင်လာများ ထုတ်လုပ်၊ ပြုပြင်၊ ကိုင်တွယ် ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်၊

( င ) လောင်စာစွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘွိုင်လာများ စွမ်းရည်ပြည့် အသုံးပြုနိုင်စေရန်၊

( စ ) ဘွိုင်လာများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်စေရန် နှင့် ယင်းတို့ကြောင့် သဘာဝ၊ လူမှု၊ ကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချနိုင်စေရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ခ)(ဂ)(ဃ) (င)(စ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ခ) (ဂ)(ဃ)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄(က)၊ အပိုဒ် ၆၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၄။ (က) ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ဘွိုင်လာအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးမှုနည်းစနစ်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၉။ မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော ဘွိုင်လာဖြစ်ရမည်။

၁၀။ စစ်ဆေးရေးမှူးချုပ်သည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဘွိုင်လာအရွယ်အစားကို မီးရှိန်ရ မျက်နှာပြင် ဧရိယာအလိုက် သတ်မှတ်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မီးရှိန်ရ မျက်နှာပြင်ဧရိယာအလိုက် ဘွိုင်လာမှတ်ပုံတင်ကြေးနှင့် စစ်ဆေးခနှုန်းထားတို့ကို သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂(ခ)၊ အပိုဒ် ၂၄(ခ)

၁၂။ (ခ) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားသည့် ဘွိုင်လာကိုသာ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၂၄။ (ခ) မိမိလုပ်ငန်းသုံးဘွိုင်လာကို ဘွိုင်လာကိုင်တွယ်ထိန်းသိမ်း သူများမှတစ်ပါး အခြားသူများကို တာဝန်ပေးမောင်းနှင်ခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂(ခ)၊ အပိုဒ် ၂၄(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂(ခ)၊ အပိုဒ် ၂၄(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆

၂၅။ (ခ) ထုတ်လုပ်ခွင့် ရရှိပါက မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများသာ ထုတ်လုပ်ရမည်။

၂၆။ ဘွိုင်လာတင်သွင်းသူသည် ပြည်ပမှ ဘွိုင်လာများကို တင်သွင်းရာတွင် မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများကိုသာ တင်သွင်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၁

အခန်း(၈)

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၉။ (က) ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူ လက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များ နှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ပါ စည်းကမ်းချက်များ ကို လိုက်နာရမည်။

၃၀။ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် -

၃၁။ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူသည် ဘွိုင်လာကို သတ်မှတ်ခွင့်ပြုဖိအားထက် ကျော်လွန်၍ သုံးစွဲခြင်းမပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၂(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉(က)(ခ)

၃၂။ (ခ) မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဘွိုင်လာကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ရန် ခွင့်ပြုသင့်သည်ဟု ယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးသည့်အခါ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထား မှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည်။

၃၆။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၄ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်လွှာကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။ ယင်းနောက် စစ်ဆေးရေးမှူးချုပ်က ညွှန်ကြားသည့်အတိုင်း စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ ပြန်လည်တင်ပြရမည်။

၃၉။ စစ်ဆေးရေးမှူးသည် မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ -

(က) ဘွိုင်လာပြုပြင်သူလက်မှတ် သို့မဟုတ် ဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းသူလက်မှတ် ထုတ်ပေးရန်လျှောက်လွှာကို လက်ခံရရှိပါကစိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ် ထံ တင်ပြရမည်။

(ခ) ဘွိုင်လာပြုပြင်သူ လက်မှတ်မရှိဘဲ ပြုပြင်မှုများ ဆောင်ရွက်နေကြောင်း သို့မဟုတ် ဘွိုင်လာ ကိုင်တွယ် ထိန်းသိမ်းသူ လက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ်ထိန်းသိမ်းနေကြောင်း စစ်ဆေးတွေ့ရှိပါက စစ်ဆေး ရေးမှူးချုပ်ထံ အစီရင်ခံရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၂(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂(ခ)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၉(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂

၄၇။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ပိုင်ရှင်က လိုက်နာခြင်း မရှိကြောင်း စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပိုင်ရှင်က ပေးဆောင်စေရန်၊ သက်ဆိုင်ရာ စစ်ဆေးရေးမှူးချုပ်ကို ညွှန်ကြားရမည်။

၄၈။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၅ နှင့် ၂၆ အရ ဘွိုင်လာ ထုတ်လုပ်ခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းကို မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီး ညီညွတ်မှုမရှိပါက ထုတ်လုပ်ခွင့်ကို ငြင်းပယ်ရန်နှင့် တင်သွင်းလာသည့် ဘွိုင်လာ၏ မှတ်ပုံတင်ခွင့်ကို ငြင်းပယ်ရမည်။

၄၉။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဘွိုင်လာထုတ်လုပ်ခြင်း၊ ဘွိုင်လာနှင့်ဆက်စပ်သည့် ဖိအားခံ အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို မြန်မာနိုင်ငံ စံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စိစစ်၍ ထုတ်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ထုတ်လုပ်ခွင့်ပြုရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၀။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကိုရရှိသည့်အခါ ဘွိုင်လာပြုပြင်သူ လက်မှတ်ကို ဖြစ်စေ၊ ဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းသူ လက်မှတ်ကို ဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၅၁။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးမှူးထံမှ တင်ပြချက်ကို ရရှိသည့်အခါ ဘွိုင်လာ ပြုပြင်သူလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရမည့်အပြင် သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ဘွိုင်လာပြုပြင်သူက ပေးဆောင်စေရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးကို ညွှန်ကြားရမည်။

၅၂။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မရှိသော ဘွိုင်လာပြုပြင်သူနှင့် ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူတို့၏ လက်မှတ်ကို ရုပ်သိမ်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၃၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၃၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅၃(ဃ)(စ)၊ အပိုဒ် ၅၅ (ပ)(ဏ)၊ အပိုဒ် ၆၁

၅၃။ (ဃ) မီးရှိန်ရမျက်နှာပြင်ဧရိယာ (၁၈.၆) စတုရန်းမီတာ သို့မဟုတ် (၂၀၀) စတုရန်းပေ အောက်လျော့နည်းသော အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် ဘီးတပ်ထားသော ဘွိုင်လာမှတစ်ပါး အခြားဘွိုင်လာကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊

(စ) ဘွိုင်လာကို လုံလောက်သော စစ်ဆေးမှု လုပ်ငန်းစဉ်များ မပြုလုပ်ဘဲ အသုံးပြုခွင့် လက်မှတ်ကို ဖြစ်စေ၊ ယာယီအသုံးပြုခွင့် လက်မှတ်ကိုဖြစ်စေ ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရခြင်း။

၅၅။ (ပ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဏ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ကို ရုပ်သိမ်းခြင်း။

၆၁။ မည်သူမျှ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းသူ လက်မှတ်မရှိဘဲ ဘွိုင်လာကို ကိုင်တွယ် ထိန်းသိမ်းခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၃(ဃ)(စ)၊ အပိုဒ် ၅၅(ပ)(ဇ)၊ အပိုဒ် ၆၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၃(ဃ)(စ)၊ အပိုဒ် ၅၅ (ပ)(ဇ)၊ အပိုဒ် ၆၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃

၆၄။ ပိုင်ရှင်သည် ပုဒ်မ ၁၉၊ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၆၅။ ပိုင်ရှင်သည် ပုဒ်မ ၁၈ ၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ် ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၆၆။ ပိုင်ရှင်သည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်း အထိ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၉ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိ ချမှတ်ရမည့်အပြင်၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ချမှတ်နိုင်သည်။

၆၈။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၆၉။ ဘွိုင်လာပြုပြင်သူသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း မှ အများဆုံး ကျပ် တစ်ဆယ်သိန်း အထိ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

၇၁။ မည်သူမဆိုပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက် တစ်ရပ် ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်

ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် ကျူးလွန်ရာ တွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ဖြစ်စေ ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ကျခံစေရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး နှစ်နှစ် မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့် အပြင်၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ် သိန်းတစ်ရာ အထိ ချမှတ်နိုင်သည်။

၇၃။ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူသည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၇၅(က)(ဂ)၊ အပိုဒ် ၇၈(က)

၇၅။ (က) မည်သည့်သင်္ဘောတွင်မဆို တပ်ဆင်အသုံးပြုသည့် ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

(ဂ) မီးရထား ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်။

၇၈။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၅(က)(ဂ)၊ အပိုဒ် ၇၈(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၅(က)(ဂ)၊ အပိုဒ် ၇၈(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၃(ဈ)(ည)တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၁) အပိုဒ် ၁၊ အပိုဒ် ၂ (ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(တ)(ထ)၊

အခန်း(၂) အခန်းခေါင်းစဉ်၊

အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄(ခ)၊

အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊

အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၂(က)(ဂ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က)၊

အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၅(က)(ဂ)၊

အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀(က)(ခ)၊

အခန်း(၉) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၂(က)(ဂ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉(ဂ)၊ အပိုဒ် ၄၀၊

အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊

အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၃(က)(ခ)(ဂ)(င)၊

အခန်း(၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅(က)မှ(ဍ)အထိ၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊

အခန်း(၁၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃၊

အခန်း(၁၄) အခန်းခေါင်းစဉ်၊

အခန်း(၁၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅(ခ)၊

အခန်း(၁၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇၊အပိုဒ် ၇၈(ခ)၊ အပိုဒ် ၇၉ တို့ကို အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း၏ အပိုဒ် ၄(ခ)၊ အပိုဒ် ၃၉(ဃ)(င)၊ အပိုဒ် ၅၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးနဲ့ ပတ်သက်လို့ တင်ပြပါမယ်ခင်ဗျား။ ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉) ရက်မြောက်နေ့ ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့) ၁း၀၀ နာရီအချိန် မှာ ယနေ့ ကျင်းပမယ့်အစားကို ၂၆-၅-၂၀၁၅ ရက် (အင်္ဂါနေ့) ၁း၀၀ အချိန်တွင်လည်းကောင်း၊ နောက်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၂၆-၅-၂၀၁၅ ရက်နေ့ (အင်္ဂါနေ့) ၁း၀၀ နာရီအစား၂၇-၅-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁း၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ရန် လျာထားပါကြောင်း ပြည်ထောင်စုလွှတ်တော်မှ တင်ပြခြင်းကို သိရှိနိုင်ပါရန် ကြေညာအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]